ကြေးမုံ
အထူးကဏ္ဍ
၀၅ - ၃ - ၂၀၁၇ (ဗုဒ္ဓဟူး)

နိုင်ငံတော်အစိုးရ၏
## ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# စစ်ဆေးခြင်းဖြင့် ပြည်အကျိုးဆောင်အံ့ ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

သတင်းဆောင်းပါး - သူရဇော်(သတင်းစဉ်)
ဓာတ်ပုံ - ကျော်ဇင်ထိုက်(သတင်းစဉ်)


ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း

လုပ်ငန်းဆောင်ရွက်မှုကြောင့် စာရင်းဟူ၍ ပေါ်ပေါက်လာပါသည်။ စာရင်း၏ ဖြစ်ပေါ်ရာ အခြေခံမှာလည်း လုပ်ငန်းဖြစ်ပါသည်။ စာရင်းကို အဓိကထား၍ စစ်ဆေးနေလျှင် အကျိုးသက်ရောက်မှုနည်းရာမှ ပမာဏကျသည့်လုပ်ငန်းကို ကောင်းစွာ စစ်ဆေးဖော်ထုတ် အစီရင်ခံမည့်ဦးတည်ချက်ဖြင့် ဆောင်ရွက်သည့်အတွက် အကျိုးသက်ရောက်မှုများစွာ ရရှိလာခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြီးမားဆုံးသော ပြောင်းလဲမှုဖြစ်ပါသည်။

အစိုးရအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတော်နှင့် ပြည်သူအတွက် မည်သည့်အတိုင်းအတာပမာဏအထိ အကျိုးသက်ရောက်မှုရှိသည်ကို စိစစ်သုံးသပ်နိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးအစီရင်ခံလျက်ရှိသည်။

အစိုးရ၏ သယံဇာတအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ၊ ပြည်သူ့ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှုများ၊ လုပ်ငန်းစီမံကိန်းများသည် ပြည်သူလူထုမျှော်မှန်းချက်များ၊ ဆန္ဒသဘောထားများနှင့် ကိုက်ညီမှု ရှိ မရှိကို အစိုးရအဖွဲ့အစည်းနှင့် လွတ်ကင်း၍ သမာသမတ်ရှိသော အကဲဖြတ်လုပ်ဆောင်မှု ပြုလုပ်ရန်လိုအပ်သဖြင့် အမြင့်မားဆုံးစာရင်းစစ်အဖွဲ့အစည်း (Supreme Audit Institution - SAI)အဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် တိုင်းပြည်နှင့် ပြည်သူလူထု၏အကျိုးကို စစ်ဆေးခြင်းလုပ်ငန်းဖြင့် ဖော်ဆောင်လျက်ရှိသည်။

ယခုတစ်နှစ်အတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဆောင်ရွက်ချက်များသည် လွန်ခဲ့သည့် နှစ်များနှင့်နှိုင်းယှဉ်ပါက ထူးခြားသိသာစွာ တိုးတက်ပြောင်းလဲလာခဲ့ပါသည်ဟု အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက ဆိုသည်။

ထိုသို့သုံးသပ်ချက်မှာ ၈၀/၂၀ ဥပဒေသ (Pareto Rule)အရ ရှိသမျှအလုပ် သိမ်းကျုံးလုပ်ပြီး အလုပ်၏ကျေးကျွန်အဖြစ် လုပ်ကိုင်ကြိုးစားခြင်း ၈၀ ရာခိုင်နှုန်းအစား ၂၀ ရာခိုင်နှုန်းသာ အကျိုးရလဒ်ရရှိနေသည့် Work hard မှ လုပ်သင့်လုပ်ထိုက်သည့် အလုပ်များအစား အရေးကြီးပြီး ပမာဏကျသည့် အလုပ်များကို ၂၀ ရာခိုင်နှုန်းလုပ်၍ ၈၀ ရာခိုင်နှုန်း အကျိုးရလဒ်ရရှိမည့် Work smart သို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း ကြောင့်ဟု ထပ်လောင်းဆိုသည်။

**ကောင်းမွန်သော အလေ့အထ**

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအပါအဝင် ရုံးပေါင်း ၃၀၆ ရုံး ဖွဲ့စည်း၍ ဝန်ထမ်းအင်အား ၆၅၀၀ ကျော်ဖြင့် စစ်ဆေးရမည့်အဖွဲ့အစည်း ပေါင်း ၁၅,၂၅၀ အား စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ပထမ ၆ လ၊ ဒုတိယ ၆ လ ခွဲခြား၍ တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သာမန်အားဖြင့် ဌာနအဖွဲ့အစည်းများအား ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် တစ်ကြိမ်သာ စစ်ဆေးမည်ဖြစ်သော်လည်း အချို့ဌာန/အဖွဲ့အစည်းများသည် ယင်းတို့၏ လုပ်ငန်းသဘောသဘာဝ ရှုပ်ထွေးမှု၊ လုပ်ငန်းအရွယ်အစား ပမာဏကြီးမားမှုနှင့် အန္တရာယ်အခြေပြုသော စိစစ်သုံးသပ်မှုတို့အရ လိုအပ်ပါက အဆိုပါ ဌာန/အဖွဲ့အစည်းများအား ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးဆောင်ရွက်မည်ကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သိရသည်။

နိုင်ငံတကာတွင် ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်းကို တစ်နှစ်လျှင် တစ်ကြိမ်သာ ပြုလုပ်ပြီး ကောင်းမွန်သောအလေ့အထအဖြစ် လက်ခံကျင့်သုံးလျက်ရှိခြင်းကြောင့် လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အနေဖြင့် ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားဖြည့် ဆောင်ရွက်ရန် ဘဏ္ဍာငွေကြေးခွင့်ပြုမိန့်

အထူးကဏ္ဍ (၈) သို့ »»



နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

အထူးစာမျက်နှာ (ခ) မှ »»

လွှမ်းနေရာ နိုင်ငံရေးနဲ့စီးပွားရေးရော တိုးရင်တွေကိုပါ တာဝန်ခံမှုရှိစိတ်ဆောင်ရွက်ရတဲ့အတွက် အများပြည်သူအကျိုးစီးပွားကို တကယ်ဖော်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်"ဟု အငြိမ်းစားစာရင်းစစ်တစ်ဦးက ၎င်း၏အမြင်တို့ထုတ်ဖော်ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံစာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ အစိုးရကဏ္ဍဝယ်ယူမှုအတွက် စာရင်းစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**မီးမောင်းထိုးပြ**

"ဒီလိုအလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ပေးတဲ့အတွက် အစိုးရကဏ္ဍဝယ်ယူမှုအပိုင်းကို Pilot Audit ဆောင်ရွက်ခြင်းဖြင့် ပစ္စည်းဝယ်ယူမှုလုပ်ငန်းစဉ်တစ်ခုလုံးကို ပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် မီးမောင်းထိုးပြနိုင်ပြီး တင်ဒါခေါ်ယူမှု တင်ဒါရွေးချယ်မှု စာချုပ်ချုပ်ဆိုမှု ငွေပေးချေမှု ပစ္စည်းအရည်အသွေး မှန်ကန်မှု စိစစ်ခြင်းစတဲ့ လုပ်ငန်းစဉ်အားလုံးကို စနစ်တကျစစ်ဆေးနိုင်ပြီး တာဝန်ယူမှု တာဝန်ခံမှုများ အားကောင်းလာစေနိုင်မှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက ပြောသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်ရေးရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) နှင့်ပူးပေါင်း၍ ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ပြုလုပ်ခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၌ ADB ၏အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းနှစ်ခုကို လက်တွေ့စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးတို့ပူးပေါင်း၍ Production Sharing Contract ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

"ဒီလို ADB Project တွေကို ADB Guideline နဲ့ Pilot Audit စစ်ဆေးဆောင်ရွက်မှုတွေဟာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ပုံမှန်လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ တွဲပြီးသွားပြောင်းလဲဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့အတွက် နိုင်ငံတကာစာရင်းစစ်စံနဲ့အညီ စစ်ဆေးခြင်းအတွေ့အကြုံများနဲ့ ရင်းနှီးကျွမ်းဝင်မှုကို ဖြစ်စေပါတယ်။ စာရင်းစစ်များရဲ့ ကျွမ်းကျင်သိကျွမ်းမှုပိုင်းဆိုင်ရာ လိုက်နာကျင့်သုံးစေဖို့ ပိုမိုရှေးရှုလာစေနိုင်သလို ကျွမ်းကျင်ဆောင်ရွက်တဲ့ စစ်ဆေးရေးအဖွဲ့ဝင်တွေကို မွေးထုတ်ပေးနိုင်ခြင်း စစ်ဆေးတွေ့ရှိချက်တွေကို ရှာဖွေတင်ပြမှုနဲ့ပြီး စိစစ်အတည်ပြုမှုများပါဝင်တဲ့ စနစ်တကျသေချာမှု အားကောင်းလာခြင်း ဘဏ္ဍာရေးရှင်းတမ်းတွေအပေါ်မှာ ဖြိုးသိုးသန့်ရှင်းမှုရှိလာနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးတွေနဲ့ စစ်ဆေးရေးလုပ်ငန်းကို စွမ်းဆောင်ရည်မြှင့်တင်သွား နိုင်မှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက ပြောသည်။

**ပြုပြင်ပြောင်းလဲ**

တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုများကြောင့် တိုးတက်လာမည့်အခြေအနေကို မျှော်မှန်းပြီး စာရင်းပညာရှင်များ စာရင်းကျွမ်းကျင်သူများ များစွာလိုအပ်လာမည့် အခြေအနေရှိသဖြင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း ဝင်ပေါက်များ၏ ကန့်သတ်ချက်များပြေလျော့၍ ဝင်ပေါက်များတိုးချဲ့ကာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသည်။

ယခင်လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းသို့ စီးပွားရေးတက္ကသိုလ်များမှ B.com ဘွဲ့ရ အမှတ်များသူ Fresh Graduate များကိုသာ တက်ခွင့်ပြုသည့်စနစ်မှ ဝင်ပေါက်ကို ချဲ့ထွင်ပေးသည့်အနေဖြင့် သင်တန်းအမှတ်စဉ်(၄၂)တွင် B.com, B.Act, BBA ဘွဲ့ နောက်ဆုံးနှစ်စာမေးပွဲတွင် မဟာတန်းတက်ခွင့်ရသူ Fresh Graduate များနှင့် ဒီပလိုမာစာရင်းကိုင် (ဖုတ်လိုင်း) ထူးချွန်စွာ အောင်မြင်သူများကို တိုက်ရိုက်တက်ရောက်ခွင့်ပေးခဲ့ပြီး ဘွဲ့တစ်ခုခုရရှိသူများကို ဝင်ခွင့်စာမေးပွဲဖြင့် ရွေးချယ်ပြီး သင်တန်းတက်ရောက်ခွင့်ပြုခဲ့သည်။

**ရွေးချယ်တက်ရောက်**

မကြာမီဖွင့်လှစ်မည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းအမှတ်စဉ်(၄၃)တွင် နှစ်ကန့်သတ်ချက်မရှိဘဲ B.com, B.Act, BBA ဘွဲ့ရများ ဒီပလိုမာစာရင်းကိုင် (ဖုတ်လိုင်း) စာမေးပွဲအောင်မြင်သူများ ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamental Skills Level ပြီးစီးသူများနှင့် CIMA Mangement Level ပြီးစီးသူများအား တိုက်ရိုက်တက်ရောက်ခွင့် ပြုမည့်အပြင် မည်သည့်နှစ်မှာမဆို အောင်မြင်ထားသည့် ဘွဲ့တစ်ခုခုရရှိသူများကိုလည်း ဝင်ခွင့်ဖြေဆိုပြီး တက်ရောက်ခွင့်ပြုရန် စီစဉ်ထားကြောင်း သိရသည်။

ယခင်က ဒီပလိုမာစာရင်းကိုင်သင်တန်းအတွက် ဝင်ခွင့်စာမေးပွဲဖြင့် ရွေးချယ်တက်ရောက်ခဲ့သော်လည်း လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ ဝင်ခွင့်စာမေးပွဲ ကျင်းပခြင်းမပြုလုပ်တော့ဘဲ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူများသည် ဒီပလိုမာစာရင်းကိုင်သင်တန်းသို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းများ ဖွင့်လှစ်သည့် သင်တန်းကျောင်းများ၌ မြန်မာနိုင်ငံစာရင်းကောင်စီမှ ဖွင့်လှစ်သည့် ကျောင်းများသာ ယခင်ကရှိခဲ့သော်လည်း ပြောင်းလဲမှုအရ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများကိုလည်း မြန်မာနိုင်ငံစာရင်း ကောင်စီဥပဒေအရ ဖွင့်လှစ်ခွင့်ပြုသွားရန် စီစဉ်လျက်ရှိသည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့် သင်တန်းဆရာများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပြုရန် စီမံဆောင်ရွက်လျက်ရှိသည်။

"ဒီသင်တန်းတွေကို အရင်က မြန်မာနိုင်ငံစာရင်းကောင်စီကဖွင့်လှစ်တဲ့ သင်တန်းကျောင်းတွေမှာပဲ တက်ရောက်ခွင့်ရှိခဲ့ပေမယ့် အခု မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့် လှစ်

အထူးစာမျက်နှာ (ဃ) သို့ »»



ဘဏ်များတွင် နိုင်ငံတကာစာရင်းစံပြောင်းလဲကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲ- ၂၀၁၆ ကျင်းပစဉ်။

## တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုများကြောင့် တိုးတက်လာမည့်အခြေအနေကို မျှော်မှန်းပြီး စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ များစွာလိုအပ်လာမည့် အခြေအနေရှိသဖြင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း၊ ဝင်ပေါက်များ၏ ကန့်သတ်ချက်များ ပြေလျော့၍ ဝင်ပေါက်များတိုးချဲ့ကာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိ

